# ၁၉၅၇ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) (ပြင်ဆင်ချက်) အက်ဥပဒေ။ *

[၁၉၅၇ ခုနှစ်၊ အက်ဥပဒေအမှတ် ၁၂။]
(၁၉၅၇ ခုနှစ် မတ်လ ၂၅ ရက် )

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်၊

၁။ ။ ဤအက်ဥပဒေကို၊ ၁၉၅၇ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) (ပြင်ဆင်ချက်) အက်ဥပဒေဟု ခေါ်ရမည်။

၂။ ။ ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေ၏ ပုဒ်မ ၂၊ အပိုဒ် (ခ)အစား၊ အောက်ပါကို အပိုဒ်(ခ)အဖြစ် ထည့်သွင်းရမည်။

" (ခ) 'အစိုးရအိမ်ဥပစာ' ဆိုသည်မှာ၊ နိုင်ငံတော်အစိုးရကဖြစ်စေ၊ ပြည်နယ်၏ တစ်စိတ်တစ်ဒေသအဖြစ် မဖွဲ့စည်းမပါဝင်သော ပြည်ထောင်စုမြန်မာနိုင်ငံရှိ ကျန်နယ်မြေ အားလုံးတွင်ပြည်နယ်အစိုးရကဖြစ်စေ၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ကဖြစ်စေ၊ ရန်ကုန်ဆိပ်ကမ်းအက်ဥပဒေအရ ဖွဲ့စည်းထားသော ရန်ကုန်ဆိပ်ကမ်းအုပ်ချုပ်ရေးအဖွဲ့ကဖြစ်စေ၊ အခြားတည်ဆဲ တရားဥပဒေအရ၊ နိုင်ငံတော်အစိုးရက ဖွဲ့စည်းတည်ထောင်ထားသည့်အဖွဲ့က၊ သို့တည်းမဟုတ် ကော်ပိုရေးရှင်းကဖြစ်စေ ပိုင်ဆိုင်သော၊ သို့တည်းမဟုတ် ငှားရမ်းယူထားသော၊ သို့တည်းမဟုတ် ခေတ္တသိမ်းယူထားသော၊ အိမ်ဥပစာကို ဆိုလိုသည်။"

---

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဦးဝင်းမောင်၊
သမ္မတ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၁၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်။
(၁၉၅၇ ခုနှစ်၊ မတ်လ ၂၅ ရက်။)

အမိန့်အရ၊
ပါစိန်၊
သမ္မတ၏အတွင်းဝန်။

---

* မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း-၁၊ ၁၉၅၇ ခုနှစ်၊ မတ်လ (၂၅)ရက်၊ စာမျက်နှာ - ၂၉၂။